K.N.D.F

# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့။

အောက်တိုဘာလ (၉) ရက်နေ့ ဖရူဆိုမြို့နယ် ထားလဲကျေးရွာအနီးတွင် ထိုးစစ်ဆင်လာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် (KA) နှင့် KNDF တို့ ပူးပေါင်းတိုက်ခိုက်ခဲ့ပါသည်။ ညနေပိုင်း(၁၆း၀၀) နာရီမှ စ၍ နှစ်ဖက်ထိတွေ့တိုက်ပွဲ နှစ်ကြိမ် ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီဖက်မှ ထိခိုက်ကျဆုံးမှုများရှိခဲ့သော်လည်း အရေအတွက်ကိုအတည်မပြုနိုင်သေးပါ။ မိမိတို့ဘက်မှ ရဲဘော်အချို့ မစိုးရိမ်ရသော ဒဏ်ရာ ရရှိခဲ့ပါသည်။

ယနေ့မနက် (၇း၄၀) နာရီခန့် ဒီးမော့ဆိုမြို့နယ်၊ (၆) မိုင်ကျေးရွာတွင်လည်း အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် KNDF တို့ ထိတွေ့တိုက်ပွဲ ( ၅) မိနစ်ခန့်ဖြစ်ပွားခဲ့ပါသည်။ ကျေးရွာအတွင်းသို့ ရိက္ခာပြန်လာယူသော ကျေးရွာနေပြည်သူနှစ်ဦးကို အကြမ်းဖက်စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပြီး၊ တစ်ဦးကို သတ်ဖြတ်ကာ ကျန်တစ်ဦးကိုလည်း ပစ်ခတ်ခဲ့သဖြင့် ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရခဲ့ပါသည်။ ထိုသို့ အကြမ်းဖက်စစ်ကောင်စီတပ်များမှ အရပ်သားများကို ပစ်ခတ်မှုကြောင့် ကျေးရွာအနီးရှိ KNDFတပ်ရင်းနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ထိုတိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များမှဘက်မှ (၂) ဦးထိခိုက်ဒဏ်ရာရခဲ့ပါသည်။

ထို့အပြင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်အနီးရှိ လမ်းခွဲတွင် တပ်စွဲထားသောအကြမ်းဖက်စစ်ကောင်စီတပ်များမှ ဒေါင်ခါးကျေးရွာများဘက်သို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈။